# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

## NEWSLETTER VOLUME NO. 9

DATED: October 2024

| စဉ် | အကြောင်းအရာ |
| --- | --- |
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းအမွေအနှစ်ဆိုင်ရာနေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး |
| ၂။ | နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးပြောကြား |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား |
| ၅။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ |
| ၆။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင် ကယ်ဆယ်ရေး စခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေး၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ် |
| ၇။ | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးကျင်းပပြုလုပ် |
| ၈။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက စတုတ္ထ အကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြား |
| ၉။ | ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း |

| | |
|---|---|
| ၁၀။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးပြုလုပ် |
| ၁၁။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ |
| ၁၂။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အားလက်ခံတွေ့ဆုံ |
| ၁၃။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး |
| ၁၄။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်အား လက်ခံတွေ့ဆုံ |
| ၁၅။ | (၃၂၂) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို)အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ပါဝင်တက်ရောက် |
| ၁၆။ | ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် ဒေသများရှိ ပြည်သူများအတွက် ငွေလှူဒါန်းမှုအား သံအမတ်ကြီး ဦးစိုးဟန်မှ လက်ခံ |
| ၁၇။ | ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် ဒေသများရှိ ပြည်သူများအတွက် ငွေလှူဒါန်းမှုအား သံအမတ်ကြီး ဦးစိုးဟန်မှ လက်ခံ |
| ၁၈။ | နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် မြန်မာအစိုးရမှကမ်းလှမ်းဖိတ်ခေါ်ခြင်း |
| ၁၉။ | လူ့အခွင့်အရေးကောင်စီ၏ (၅၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံဆိုင်ရာအပြန်အလှန်ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တုံ့ပြန်ချက် |
| ၂၀။ | အမှာစာများ တိုးမြှင့်မှာယူလာခြင်းကြောင့် အထည်ချုပ်စက်ရုံများအနေဖြင့် ဝန်ထမ်းများတိုးမြှင့် ခန့်ထားနိုင်ရေး ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တိုးမြှင့်ဖွင့်လှစ်ပေးရန် ဆောင်ရွက်လျက်ရှိ |
| ၂၁။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၅ လတာ ကာလအတွင်း စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားလျက်ရှိ |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းအမွေအနှစ်ဆိုင်ရာနေရာများ ပြုပြင်ထိန်းသိမ်းရန်

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းအမွေအနှစ် ဆိုင်ရာနေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တောင်ငူမြို့ရှိသည့် ပြန်လည်ဖော်ထုတ်သင့်သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ အထောက်အထားသေချာသည့် နေရာများကို ပြန်လည်ဖော်ထုတ်သွားရန်လိုကြောင်း၊ အလားတူ မြို့ကွက်အသစ်များဖော်ထုတ်ခြင်းနှင့် ရွှေ့ပြောင်း၍ရသည့် အစိုးရရုံးဌာနဆိုင်ရာ အဆောက်အဦများကို ဦးစွာပြောင်းရွှေ့သွားရန်လိုကြောင်း၊ ကေတုမတီနန်းတော်ရာနှင့်ပတ်သက်၍ အတည်ပြု၍ရသည့် နေရာများ၊ ဘုတ်တလုတ်ကန် နေရာများကို ပြန်လည်ဖော်ထုတ်ရာတွင် ရှေးဟောင်းဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ် နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်း ဆောင်ရွက် သွားရန်လိုကြောင်း။

အဆောက်အဦများ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ကွက်သစ် များဖော်ထုတ်ရာတွင်လည်း စနစ်တကျဖော်ထုတ်ရန်လိုကြောင်း၊ လူနေရပ်ကွက်များရှိ အိမ်ခြံမြေများအတွင်း သစ်ပင်များစိုက်ပျိုးရန်နှင့် လမ်းဘေးဝဲယာများတွင် သစ်ပင်များစိုက်ပျိုး၍ စိမ်းလန်းစိုပြည် ရေးကို ဆောင်ရွက်ရန်လိုကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူ-ရေတာရှည် ရထားလမ်းပိုင်း တစ်လျှောက်လိုက်ပါစီးနင်း၍ ရထားလမ်းပိုင်းကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တောင်ငူဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

EMBASSY OF MYANMAR, TOKYO




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းမြို့ရိုးအရှေ့တောင်ထောင့်ရှိ မြို့လေးခံတပ် နေရာကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။**

EMBASSY OF MYANMAR, TOKYO

## နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ အမှာစကားပြောကြား ရာတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများကို တွေ့ဆုံရခြင်းသည် နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားနိုင်ရန်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံရေး တည်ငြိမ်အေးချမ်းပြီး ပြည်သူများအနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နေထိုင်လုပ်ကိုင်

စားသောက် နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် နိုင်ငံရေးသည် အပြန်အလှန် အမှီသဟဲပြုနေခြင်း ဖြစ်ပြီး နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိကြောင်း။

နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးခဲ့ ကြောင်း၊ နိုင်ငံရေးစနစ်များ ပြောင်းလဲကျင့်သုံးမှုနှင့်အတူ စီးပွားရေးစနစ်များလည်း ပြောင်းလဲကျင့် သုံးမှုများရှိခဲ့ကြောင်း၊ စီးပွားရေးတွင် တိုးတက်မှုများရှိသကဲ့သို့ ထိုက်သင့် သလောက်အောင်မြင်မှု မရှိခဲ့သည်များလည်းရှိကြောင်း၊ စီးပွားရေးအားနည်းချက်များ ဖြစ်ပေါ်မှု များကြောင့် နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပြီး စီးပွားရေး ကျဆင်းမှု၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းများကြောင့်ဖြစ်ကြောင်း၊ ခေတ်အဆက် ဆက်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အားသာချက်များ၊ အားနည်းချက် များကို သင်ခန်းစာယူဖော်ထုတ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက် သွားကြရမည် ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အထောက်အကူရစေရန် လာမည့် အောက်တိုဘာလ ၁ ရက် နေ့မှစတင်၍ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူသွား မည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံအတွက် များစွာအကျိုးရှိသည့် လုပ်ငန်းရပ်ဖြစ်ပြီး ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ နိုင်ငံ့အကျိုးအတွက် များစွာစီမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရ မည်ဖြစ်ပြီး နိုင်ငံကောင်းမွန်စေရေးအတွက် နိုင်ငံ့အရေးကို ဆောင်ရွက်ရမည်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန် များကျေပွန်စွာ ထမ်းဆောင်၍ တာဝန်ကျရာ နေရာများ အလိုက် ဒေသအကျိုး၊ နိုင်ငံအကျိုးကို တတ်စွမ်းသရွေ့ ဖော်ဆောင်ကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO




**နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

မြန်မာနိုင်ငံတွင် ဆယ်နှစ်တစ်ကြိမ် ကောက်ယူရသည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံး၌ တစ်ပြိုင်တည်း ကောက်ယူမည်ဖြစ်ပါသည်။

သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာအကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေး အကြောင်းအရာများကို တစ်နိုင်ငံလုံး သို့မဟုတ် သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူသည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် ဆယ်နှစ်လျှင်တစ်ကြိမ် ကောက်ယူသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းသည် လူတစ်ဦးချင်းစီနှင့် သက်ဆိုင်ပြီး မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကောက်ယူနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ကမ္ဘာတွင် လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား၊ မ မရွေး အားလုံးပါဝင်ခွင့်ရှိသည့် တစ်ခုတည်းသော လုပ်ငန်းစဉ်မှာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ဖြစ်ပါသည်။ သန်းခေါင်စာရင်း ရလဒ်သည် နိုင်ငံအတွက် အရေးပါသည့် အချက်အလက်များဖြစ်သကဲ့သို့ တစ်ဦးချင်းစီအတွက် လည်း အကျိုးကျေးဇူးရရှိစေမှာလည်းဖြစ်ပါသည်။

ထို့ကြောင့် လက်ဝယ်ရရှိနေသည့် အခွင့်အရေးကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ရန် သန်းခေါင်စာရင်းကို လူတိုင်း အကောက်ခံကြရန် လိုအပ်ကြောင်း၊ လူတိုင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်ရာတွင် အိမ်တိုင်ရာ ရောက် လာရောက်မေးမြန်းမည့် မေးခွန်းတိုင်းပေါ်တွင် သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များ ကင်းစွာဖြင့် နောင်အနာဂတ် မျိုးဆက်သစ်များအကျိုးအတွက် အမှန်ကိုအမှန်တိုင်း အမှား အယွင်းမရှိ ယုံယုံကြည်ကြည် ဖြေကြားကြရန်လိုအပ်ကြောင်း။

သန်းခေါင်စာရင်းသည် နိုင်ငံ၏ ပကတိအခြေအနေ၊ နိုင်ငံအတွင်း နေထိုင်သူများ၏ ဒေသ အလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြကျေးလက်အလိုက် လူဦးရေကိုရရှိရုံသာမက ပညာ အရည်အချင်း၊ လုပ်ငန်းအမျိုးအစား၊ နေထိုင်မှုပုံစံ စသည်ဖြင့် လူဦးရေကို ခွဲခြားသိရှိနိုင်မည်ဖြစ် ပါသည်။ ထိုမှတစ်ဆင့် နေရာဒေသအလိုက် လိုအပ်သည့် အစီအမံများချမှတ်နိုင်ရန် အခြေခံအရင်း အမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး လိုအပ်သည့် လုပ်သားအင်အားများကို ဖော်ထုတ် သိရှိနိုင်မည်ဖြစ်ပါသည်။ ကျွမ်းကျင်မှုလိုအပ်သည့် လုပ်သားများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ၊ ကျွမ်းကျင်မှုသင်တန်းများကို လိုအပ်သကဲ့သို့ စီစဉ်ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လူမှုရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်မစွမ်း ထောက်ပံ့မှုအစီအစဉ်များကို ကြိုတင်ပြင်နိုင်မည်ဖြစ်ပါသည်။

EMBASSY OF MYANMAR, TOKYO

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော လုပ်ငန်းစဉ်များတွင် မဖြစ်မနေ အခြေခံအသုံးပြု ရမည့် ကိန်းဂဏန်းများ၊ အချက်အလက်များ၊ အကြောင်းအရာများ ရရှိရန် အတွက် အမျိုးသားလုပ်ငန်း စဉ်တစ်ရပ်ဖြစ်သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူ ခြင်းလုပ်ငန်းကို အကောင်အထည် ဖော်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်း ကောက်ယူမည့်လုပ်ငန်းစဉ်ကြီးတွင် နိုင်ငံတစ်ဝန်း နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ ညီညွတ်သောအင်အားဖြင့် အောင်မြင်အောင် ဆောင်ရွက်ပြီး တစ်နည်းအားဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ပူးပေါင်းပါဝင်မှုအားဖြင့် သမိုင်း မှတ်တိုင်တစ်ခု စိုက်ထူနိုင်မည့် အခွင့်အခါကောင်းတစ်ရပ်လည်းဖြစ်ပါသည်။ ထို့ကြောင့် သန်းခေါင်စာရင်းလုပ်ငန်း စဉ်ကြီးကို နိုင်ငံတော်၏ အမျိုးသားလုပ်ငန်းစဉ်အဖြစ် ခံယူပြီး "ပြည်သူအားလုံးပါဝင်လို့၊ သန်းခေါင် စာရင်းကောက်ကြစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ အင်တိုက် အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ မိန့်ခွန်းပြောကြား**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန် ရှိသူများအား တောင်ကြီးမြို့တော်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများကို ဦးစွာပြောကြားလိုကြောင်း အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရာ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့ရမှု၊ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ အနေဖြင့် နေရပ်ဒေသများနှင့် နေအိမ်စည်းစိမ်များကို စွန့်ခွာပြီး အခြားဘေးလွတ်ရာဒေသများတွင် ယာယီသွားရောက်ခိုလှုံနေကြရမှု၊ လက်ရှိအချိန်တွင် အဆိုပါလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ် အဆောက်အဦ များ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ် စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော် အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ် အပေါ်မူတည်၍ လိုအပ်သကဲ့သို့ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက် နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် သတိပြုကြရန် လိုအပ်မှု၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်

EMBASSY OF MYANMAR, TOKYO

နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် စည်းလုံးသော အင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိပြီး စီးပွားရေး ကောင်းမွန်မှသာ နိုင်ငံရေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး ဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများမှ ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှု များကိုလည်း အတုယူဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထား ရှိလျက်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများ တင်ပို့နိုင်မည့် ပထဝီမြေအနေ အထားကို ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံး ဝိုင်းဝန်း ဆောင်ရွက်သွားရန် လိုကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ဆေးရုံများအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာရရှိရေးအတွက်လည်း ဖြည့်ဆည်း ဆောင်ရွက်ပေးထားကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေး အတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များထမ်းဆောင် ရာတွင် ချမှတ်ထားသည့် ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာ ဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင် အဆင့်ဌာနဆိုင်ရာ တာဝန် ရှိသူများအနေဖြင့် တာဝန်ကျရာဒေသများမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြား လိုကြောင်းပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့် ကူညီထောက်ပံ့မှုများ အမှန်တကယ်ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများထံသို့ မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေး၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေး စခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေးစကား ပြောကြားပြီး ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးရှောင် ပြည်သူများအား အားပေးစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ယခုတစ်ကြိမ် ကြုံတွေ့ရမှုသည် အကြီးမားဆုံးဖြစ်ကြောင်း၊ မိမိအနေဖြင့် ပုဂံ-ညောင်ဦးခရီးစဉ်မှ အပြန် ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ကြည့်ရှုခဲ့ရာ တောင်ကျ ချောင်းရေ

များကြောင့် သစ်ပင်နှင့် သစ်တုံးကြီးများ ရေနှင့်အတူ မျောပါလာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ တပ်ကုန်းမြို့အနီးတစ်ဝိုက်သို့ သွားရောက်ကြည့်ရှုခဲ့စဉ် မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် တောင်ကျချောင်းရေများမှာ အလုံးအရင်းလိုက်ဖြင့် စီးဆင်းခဲ့မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍ မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများ ပြန်ရောက်စေရန် ပိုမိုကောင်းမွန်စေရန် အားလုံး၏ လုံးလ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့် နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပျက်စီးဆုံးရှုံးခဲ့သည့် ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်နိုင်ရေး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စေရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချိန်ကာလအားဖြင့် အများဆုံး ၆ လတာ ကာလအတွင်း မူလအခြေအနေ ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ တက်နိုင်သမျှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း မွေးမြူထားသည့် တိရစ္ဆာန်များ သေဆုံးခဲ့မှုများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက်လည်း အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံးစာရင်းကောက်ယူ၍ အချက်အလက်များ ပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ အိုးအိမ်များပျက်စီးမှုတွင် ထိခိုက်ပျက်စီးမှုများအလိုက် ဆုံးရှုံးမှုတန်ဖိုးများကို အပိုင်းလိုက်သတ်မှတ်ကာ ပျက်စီးမှု

EMBASSY OF MYANMAR, TOKYO

ရာခိုင်နှုန်းအလိုက် ထောက်ပံ့မှုများ ပမာဏ သတ်မှတ်ဆောင်ရွက် ပေးသွားရေန်လိုကြောင်း၊ သေဆုံးခဲ့သူများအတွက်လည်း နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့ပေးခြင်းများ၊ တိုင်းဒေသကြီးနှင့် ပြန်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ငွေကြေး ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ထိခိုက်မှုအနည်းအများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းများ၊ ငွေကြေးတွက်ချက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ထိခိုက်ခံရသူများကို အမြန်ဆုံးထောက်ပံ့ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါသည်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားစဉ်။**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။**

EMBAS OF MYA KYO

## သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးကျင်းပပြုလုပ်

နေပြည်တော် စက်တင်ဘာ ၁၇

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေး၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးခေါ်ယူခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ နယ်မြေအချို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ဒေသများ၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ဆိုးရွားသည့်အခြေအနေ မဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ညအချိန် မိုးရွာသွန်းမှုများပြားပြီး ရုတ်တရက် တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ထိခိုက်မှုများပြားခဲ့ရခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရသော်လည်း တတ်နိုင်သမျှ ထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက် ထိခိုက်မှုအကြီးမားဆုံး ဖြစ်နိုင်ကြောင်း၊ သင်ခန်းစာရယူရမည်များနှင့် ပြင်ဆင်ရမည်များ များစွာရှိကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍လည်း သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ရေကြီးရေလျှံမှု

EMBASSY OF MYANMAR, TOKYO

များဖြစ်ပေါ်ချိန်၌ လူနေအိမ်များ များစွာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ပြည်သူများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွား ရမည်ဖြစ်ကြောင်း။

ယခုမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်သည် နိုင်ငံအတွက်ကြီးမားသည့် သင်ခန်းစာတစ်ခုဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် တိုင်းစစ်ဌာနချုပ်များ အားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကယ်ဆယ်ရေးအဖွဲ့များ အနေဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးကို အနှောင့်အယှက် ဖြစ်စေမည့်အရာများကို အမြန်ဆုံးရှင်းလင်းရန် လိုအပ်ကြောင်း၊ အလှူငွေများ လက်ခံရာတွင် ကော်မတီအနေဖြင့် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ကြောင်း၊ အစားအသောက်များ လှူဒါန်းမှုကိုလက်ခံရာတွင်လည်း သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များ ဖြစ်ရန် လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို အမြန်ဆုံးပြန်လည် ပြုပြင်တည်ဆောက်ရန် လိုအပ်ကြောင်း။

ကူညီကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ၎င်းတို့၏ နေရပ်များတွင် အတတ်နိုင်ဆုံး အမြန်ဆုံးပြန်လည် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ ပျက်စီးမှု အနည်း၊ အများအလိုက် ဦးစားပေးအဆင့် သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးစေရန် နှင့် အချိန်အကြာဆုံး ဖလတာ ကာလအတွင်း ပြီးစီးစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိတ်ထားရသည့် ကျောင်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တင်ပြချက်များအား Check List ပြုလုပ်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများကို အမြဲမပြတ်စိစစ်၍ လုပ်ငန်းတိုးတက်မှုများကို တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက် သွားရန်နှင့် တင်ပြသွားရန်လိုကြောင်း၊ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေး အမိကထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းမှာကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် လိုအပ်သည်များ ဆွေးနွေးမှာကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ က စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြား

နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ စက်တင်ဘာလ ၁၈ ရက်မှ ၂၀ ရက်အထိ “ယုံကြည်မှုများ တိုးမြှင့်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းအတွက် အမျိုးသမီးကဏ္ဍ” ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိသည့် စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်သို့ ဗီဒီယိုမိန့်ခွန်းပေးပို့ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၏ ဗီဒီယိုမိန့်ခွန်း အပြည့်အစုံမှာ-

- မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း စသည့်အသင်းအဖွဲ့များအနေဖြင့် အမျိုးသမီးများ၊ မိခင်လောင်းများ၊ အမျိုးသမီးငယ်ရွယ်များ၊ ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်

EMBASSY OF MYANMAR, TOK

နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် ဂုဏ်ထူးဆောင်နာယကအဖြစ် လမ်းညွှန်ပါဝင်ဆောင်ရွက်နေပါကြောင်း၊

- မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည့်အတွက် ကမ္ဘာ့အမျိုး သမီးများနှင့်အတူ မြန်မာ့အမျိုးသမီးများသည်လည်း ယုံကြည်မှုနှင့် ကမ္ဘာလုံး ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊
- မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အထူးအလေးထားလျက်ရှိပါကြောင်း၊
- ယခု ယူရေးရှားအမျိုးသမီးဖိုရမ်သည် ကမ္ဘာတစ်လွှားမှ အမျိုးသမီးများ၏ အကျိုးစီးပွားကို မြှင့်တင်ရေးအတွက်သာမက ယုံကြည်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို အကောင်အထည်ဖော်နေသော အမျိုးသမီးထုကြီး၏ စုပေါင်းအင်အားအတွက် အထောက်အပံ့ ဖြစ်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် "ခလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းတို့အတွက် အမျိုးသမီးများ၏ကဏ္ဍ" ခေါင်းစဉ်အောက်၌ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်ကလည်း ဗီဒီယိုမိန့်ခွန်းပေးပို့ပြောကြားခဲ့ပါသည်။

စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်သို့ နိုင်ငံတကာမှ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အာကာသ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ချူကလီးယားကဏ္ဍဆိုင်ရာ အမျိုးသမီးခေါင်းဆောင်များနှင့် ပညာရှင်များအပါအဝင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၅၀၀ ပါဝင်တက်ရောက်ခဲ့ကြသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။**

EMBASSY OF MYANMAR, TOKYO



**ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်ကို တွေ့ရစဉ်။**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

နေပြည်တော် စက်တင်ဘာ ၆

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အတွက် ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်း လုပ်ငန်းစီမံချက်ရေးဆွဲပြီး လုပ်ငန်းစဉ်တစ်ဆင့်ချင်းအလိုက် လုပ်ငန်းအချိန် ဇယား သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကို ၂၀၂၁ ခုနှစ်၊ အောက်တိုလာ (၁)ရက်မှ စပြီး (၃၆)လကြာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း။

EMBASSY OF MYANMAR, TOKYO

သန်းခေါင်စာရင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကလည်း မဖြစ်မနေလိုအပ်ခြင်းကြောင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ မြေပြင်တွင် အခက်အခဲများ၊ စိန်ခေါ်မှုများ မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် လုပ်ငန်း ကြီးကို စီမံချက်ပါအတိုင်း တစ်နိုင်ငံလုံး အတိုင်းအတာနှင့် လွှမ်းခြုံနိုင်ရန် တစ်ယောက်မကျန် စာရင်းကောက်ယူနိုင်ရန်၊ မေးမြန်းသမှုအပေါ်တွင်လည်း မှန်ကန်စွာ ဖြေကြားကြရန်နှင့် လိုအပ်သည့် ကိန်းဂဏန်း အချက်အလက်များ ရရှိစေရန် ပါဝင်ဆောင်ရွက်ကြမည့် တာဝန်ရှိသူများ၊ ပြည်သူများအနေဖြင့် ကြုံတွေ့ရမည့်အခက်အခဲနှင့် စိန်ခေါ်မှုများကို ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကိုယူထားသည့် ကာလအတွင်းတွင် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်စိတ်နှင့် အခက်အခဲတိုင်းကို မဖြစ်မနေဖြတ်သန်းကျော်လွှားပြီး အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုတင်မျှော်တွေးနိုင်မှု၊ ဝိုင်းဝန်းပေါင်းစပ် ညှိနှိုင်းအဖြေရှာမှုများနှင့်ပင် ပြဿနာကို ကျော်လွှားသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် တိကျမှန်ကန်သည့် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမ ရည်မှန်းချက်ဖြစ်သည့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ရက်ပိုင်းသာ လိုပြီး လုပ်ငန်းကြီးသည် ငွေအင်အား၊ လူအင်အား၊ ကျွမ်းကျင်မှုအားများ လိုအပ်သကဲ့သို့ စေတနာအား၊ စိတ်ဓာတ်ခွန်အားများလည်း လိုအပ်ကြောင်း၊ ယခုဆောင်ရွက်မည့်လုပ်ငန်းသည် နိုင်ငံတကာ အကူအညီမပါဘဲ မိမိတို့၏ ကိုယ်ပိုင်အင်အားနှင့် စွမ်းဆောင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မှတ်ကျောက်တင်နိုင်အောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းလက်တွဲဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

EMBASSY OF MYANMAR - TOKYO



ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယကက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးပြုလုပ်

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့် ပတ်သက်၍ ပြည်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်အပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သက်ကြီးရွယ်အို အဘိုးအဘွားများတို့မှ ၎င်းတို့၏ သက်တမ်း တစ်လျှောက် ယခုကဲ့သို့ ရုတ်ခြည်းရေကြီးရေလျှံ၊ ရေလွှမ်းမိုးမှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကို မကြုံခဲ့ဖူးဟုသိရကြောင်း၊ ယခုဖြစ်ပွားမှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ လက်တွေ့ဖြစ်စဉ် ဖြစ်ရပ်များ ဖြစ်ကြောင်း၊ ယခုဆိုင်ကလုန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းသာမက ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် ကျန်ပြည်နယ် အချို့နေရာတို့တွင်လည်း ရေကြီးရေလျှံမှု၊ တောင်ပြိုမှုများရှိပြီး အဆိုပါဖြစ်ပေါ်မှုများကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများက စီမံချက်များနှင့်အညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အချို့ကျေးရွာများ၌ ယနေ့အချိန်အထိ တောင်ကျရေများ ၁ ပေ၊ ၂ ပေအထိ ကျန်ရှိသေးသဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး သောက်ရေသန့်စက်ယာဉ်များ စေလွှတ်ကူညီပေးခြင်း၊ လွယ်ကူပေါ့ပါးသည့် Life Straw ကဲ့သို့ တစ်ပိုင်တစ်နိုင် သောက်ရေသန့်စက်များ အခက်အခဲရှိသည့် ကျေးရွာများအလိုက် ဖြန့်ဝေခြင်း၊ Bleaching Power နှင့် ရေသန့် ဆေးပြားများ ပံ့ပိုးပေးခြင်း စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးအရ ရေးဘေးအန္တရာယ်

EMBASSY OF MYANMAR, TOKYO

နောက်ဆက်တွဲ ဝမ်းပျက်ဝမ်းလျှောနှင့် ရေဝပ်နေရာများမှ ခြင်၊ ယင် ပေါက်ပွားခြင်းကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲ ရောဂါများအပါအဝင် အထွေထွေကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကယ်ဆယ်ရေးစခန်းအလိုက် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိသော ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ကျေးရွာ ရှိ သူနာပြုဝန်ထမ်းများမှ တာဝန်ကျရာကျေးရွာအလိုက် ကျန်းမာရေးနှင့်ပတ်သက်၍ အဆင့်ဆင့် နီးစပ်ရာ ကုသရေးဌာနများသို့ ဆက်သွယ်အကြောင်းကြားရန်လိုကြောင်း၊ လိုအပ်ပါက ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ ဖွဲ့စည်း၍ကူညီဆောင်ရွက်ရန် ခက်ခဲနေသေးသည့် ကျေးရွာများသို့ စေလွှတ် ကုသရန် စီစဉ်ပေးရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့များထံသို့ ဆက်လက်အကြောင်းကြားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့် ပတ်သက်၍ ပြည်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

(၅-၉-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်၊ ၁၀၃၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်း ဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူး၏ အားလက်ခံတွေ့ဆုံ

(၆-၉-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူး၏ အား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ (၁၂၃၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်းစဉ်လာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ပေါင်းစည်းဆက်နွှယ်မှု စီမံကိန်းများအပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးရှိမည့်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

(၂၃-၉-၂၀၂၄ ရက်၊ ရန်ကုန်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေသည် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် လက်ရှိနိုင်ငံတကာအခင်းအကျင်းများ၊ နိုင်ငံတကာလတ်တလော ဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းနိုင်ငံရေးအခြေအနေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့၏ ဦးစားပေးဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး အမှာစကားပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ အဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတကာနှင့် ပြည်တွင်းရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ အသိပညာရှင်များရှုထောင့်မှ ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေး ခဲ့ကြပါသည်။

EMBASSY OF MYANMAR, TOKYO




**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်အား လက်ခံတွေ့ဆုံ**

(၂၈-၈-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၊ (၁၁၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး အပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်

သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။




## (၃၂၂) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို)အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ပါဝင်တက်ရောက်

(၄-၉-၂၀၂၄ ရက်၊ တိုကျို)

တိုကျိုမြို့အခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံကော်မတီ(တိုကျို)၏ (၃၂၂) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် အာဆီယံကော်မတီ(တိုကျို)ဥက္ကဋ္ဌဖြစ်သော ဂျပန်နိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mrs. Phongsamouth ANLAVAN က ကြီးမှူး၍ လာအိုသံရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ကျန်အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။

EMBASSY OF M

အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အာဆီယံကော်မတီ(တိုကျို)မှ ဦးဆောင်ကျင်းပမည့် လှုပ်ရှားမှုများဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အဆိုပါအစည်းအဝေးနှင့် တစ်ဆက်တစ်ပ်တည်း အာဆီယံသံအမတ်ကြီးများနှင့် ဂျပန်အစိုးရ ပြည်သူ့ရေးရာအတွင်းရေးမှူးဟောင်း Mr. Noriyuki Shikata တို့အကြား Dinner Talk ကို ဆက်လက်ကျင်းပခဲ့ပါသည်။ အဆိုပါ Dinner Talk တွင် Mr. Noriyuki Shikata နှင့် အာဆီယံသံအမတ်ကြီးများသည် ဝန်ကြီးချုပ်ကီရှီဒါအစိုးရအဖွဲ့၏မူဝါဒများ၊ ဦးစားပေးကဏ္ဍများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ ဂျပန်နိုင်ငံ၏ အစိမ်းရောင်အသွင်ကူးပြောင်းမှု မူဝါဒများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။







## ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် ဒေသများရှိ ပြည်သူများအတွက် ငွေလှူဒါန်းမှုအား သံအမတ်ကြီးဦးစိုးဟန်မှ လက်ခံ

(၁၉-၉-၂၀၂၄ရက်၊တိုကျို)

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နာဂိုယာ မြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Toshio Nishimura မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာသံရုံး၊ တိုကျိုမြို့သို့ လာရောက်၍ ယန်း ၃၀၀, ၀၀၀ (ယန်း သုံးသိန်း) လှူဒါန်းခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးစိုးဟန်မှ လက်ခံရယူခဲ့ပါသည်။

EMBASSY OF MYANMAR




## ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် ဒေသများရှိ ပြည်သူများအတွက် ငွေလှူဒါန်းမှုအား သံအမတ်ကြီးဦးစိုးဟန်မှ လက်ခံ

(၂၄-၉-၂၀၂၄ ရက်၊ တိုကျို)

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းမှု များဖြစ်ပေါ်ခဲ့ပြီး ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် လိုအပ်သည့် ကူညီကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဂျပန်နိုင်ငံ ဂျောရှင်းအန်း ဝိပဿနာ တရားရိပ်သာ၊ ထေရဝါဒဓမ္မစာရီ မြန်မာကျောင်းတိုက်၊ ပဓာန နာယက အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ ဂျပန်သာသနာပြုဆရာတော် ဘဒ္ဒန္တ ဥာဏုတ္တရ နှင့် Ms.Yoshida Ikuko ဦးဆောင်သည့် ဂျပန်ပြည်ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့မှ ယန်း ၁,၀၀၀,၀၀၀ (ယန်း တစ်သန်း) ကိုလည်းကောင်း၊ Sakura Industrial

EMBASSY OF M

Cooperative Group Co., Ltd မှ ယန်း ၁၀၀,၀၀၀ (ယန်း ၁ သိန်း) ကို လည်းကောင်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာသံရုံး၊ တိုကျိုမြို့သို့ အသီးသီး လာရောက်လှူဒါန်းခဲ့ကြရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်မှ လက်ခံရယူခဲ့ပါသည်။




## နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် မြန်မာအစိုးရမှကမ်းလှမ်းဖိတ်ခေါ်ခြင်း

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွား ခဲ့သော မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံရေးပြဿနာများကို အေးချမ်းစွာ ပြီးဆုံးစေရန်အတွက် နိုင်ငံရေးနည်းလမ်းမျိုးစုံဖြင့် ညှိနှိုင်းဖြေရှင်းရန် ကြိုးပမ်းခဲ့မှုကို လျစ်လျူရှု၍ နိုင်ငံတော်အာဏာကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူရန်ကြိုးပမ်းခဲ့၍သော တပ်မတော်က

နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ လွှဲပြောင်းရယူထိန်းသိမ်း ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက် မျှတစွာဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရေးကို မမိုတ်မသုန် ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်း ခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင် အကြမ်းဖက် တိုက်ခိုက်သည့် နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရမှု များစွာဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေခဲ့ရသည်။

ယနေ့အချိန်တွင် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့် သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ (၁)ရက်နေ့တွင် စတင်ကောက်ယူမည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်နေချိန်လည်းဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေ ဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်း ဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်အပ်ပါကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့ပါသည်။

EMBASSY OF MYANMAR TOKYO

## လူ့အခွင့်အရေးကောင်စီ၏ (၅၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံဆိုင်ရာအပြန်အလှန်ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

(၂၄-၉-၂၀၂၄ရက်၊ဂျီနီဗာမြို့)

ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၅၇) ကြိမ်မြောက် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ "မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ဖြင့် အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲကို သက်ဆိုင်ရာနိုင်ငံ မပါဝင်ဘဲ ၂၄-၉-၂၀၂၄ ရက်တွင် ကျင်းပခဲ့သည်။

လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းခံရသူများ တစ်နည်းအားဖြင့် အစီရင်ခံစာရေးသား ပြုစုသူများအနေဖြင့် အခြေခံမူများဖြစ်သည့် ဘက်မလိုက်မှု၊ ယုံကြည်စိတ်ချရမှုနှင့် ဖြောင့်မတ်မှန်ကန်မှုတို့ကို မဖြစ်မနေ လိုက်နာစောင့်ထိန်းရမည်ဖြစ်သော်လည်း ယခုအစီရင်ခံစာသည် သက်ဆိုင်ရာနိုင်ငံဖြစ်သော မြန်မာနိုင်ငံ၏ အချက်အလက်နှင့် အမြင်များကို မျှတစွာ ထင်ဟပ်ဖော်ပြခြင်းမရှိသည်ကို တွေ့ရှိရသည်။

မဟာမင်းကြီးနှင့် အပြန်အလှန်ဆွေးနွေးပွဲသည် လက်ရှိ ကောင်စီအစည်းအဝေး ကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ဆိုသည့်အဖွဲ့၏ ဆွေးနွေးပွဲပြီးနောက် ဒုတိယမြောက် ကျင်းပသည့်ဆွေးနွေးပွဲဖြစ်သည်။ ထို့ပြင် ယင်းဆွေးနွေးပွဲသည် ယခုနှစ် ကောင်စီ၏ (၆) ကြိမ်မြောက် ဆွေးနွေးပွဲဖြစ်ပြီး၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံအပေါ် ပစ်မှတ်ထားပြုလုပ်သည့် အပြန်အလှန်ဆွေးနွေးမှု အရေအတွက်သည် အများဆုံးဖြစ်သည်။ ထိုသို့ ကြိမ်ဖန်များစွာပြုလုပ်သော အဆိုပါဆွေးနွေးပွဲများမှ အရည်အသွေးမပြည့်မီသော အစီရင်ခံစာများ နှင့် အကျိုးမဲ့သည့် ဆွေးနွေးမှုများကို ဆက်လက်ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြီးမားသည့် မဲစာရင်း မှားယွင်းမှုများနှင့် ရွေးကောက်ပွဲမသမာမှု ပေါ်ပေါက်ခဲ့ပြီးနောက် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစွန်းရောက်နိုင်ငံရေးသမားများသည် အဆိုပါ ရွေးကောက်ပွဲမသမာမှုကို တရားဥပဒေနှင့်အညီ ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် လူပေါင်း (၈,၁၀၀) ဦး

EMBASSY OF MYANMAR, TOKYO

အသက်ဆုံးရှုံးခဲ့သည့်အပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်သောင်းကျန်းမှု ပြဿနာကိုလည်း ပိုမိုရှုပ်ထွေးစေသည်။ မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များသည် နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူပြီး၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင် ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နယ်မြေရရှိရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှုများကို သိသာစွာ တိုးမြှင့်လုပ်ဆောင် လာခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခဲ့သော်လည်း MNDAA နှင့် TNLA အကြမ်းဖက်အဖွဲ့တို့သည် ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ တိုက်ခိုက်မှုများကို ပြန်လည်စတင်ခဲ့ကြသည်။ ၎င်းတို့သည် ဆေးရုံများ၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အဦများအပါအဝင် လူနေရပ်ကွက်များနှင့် အခြေခံအဆောက်အအုံများရှိသည့် မြို့များနှင့် ရွာများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်။ AA အကြမ်းဖက်အဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း၊ ချင်းပြည်နယ်၏ နေရာ အချို့တွင် အလားတူ တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။ ရခိုင်၊ ချင်း၊ ဘင်္ဂါလီနှင့် အခြားလူမျိုးစု များ ပါဝင်သည့် အပြစ်မဲ့ဒေသခံအသိုက် အဝန်းများသည် AA အကြမ်းဖက်အဖွဲ့၏ အဆင်အခြင်မဲ့ ပြင်းထန်သည့် တိုက်ခိုက်မှုများကို ခံစားရ လျက်ရှိသည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နှင့် ၆ ရက်တို့တွင် AA အကြမ်းဖက်အဖွဲ့က မောင်တော အနောက်ဘက်ကမ်းရှိ အမျိုးသမီးနှင့် ကလေးအုပ်စုများကို တိုက်ခိုက်ခဲ့သည့် ဗီဒီယိုများ အွန်လိုင်း တွင် ကျယ်ပြန့်စွာ ပျံ့နှံ့ခဲ့သကဲ့သို့ ယင်းဖြစ်စဉ်၏ မျက်မြင်သက်သေများကလည်း AA အကြမ်းဖက် အဖွဲ့၏ ဒရုန်းဖြင့် ဗုံးကြဲမှု များကြောင့် ဘင်္ဂါလီလူမျိုးရာပေါင်းများစွာ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီရင်ခံစာများက PDF များသည် အကြမ်းဖက်လုပ်ရပ် များကို အများဆုံးကျူးလွန်သူများဖြစ်ကြောင်း ဖော်ပြကြသော်လည်း၊ ယခုအစီရင်ခံစာသည် လက်နက်ကိုင် အဖွဲ့များ၏ ရက်စက်ကြမ်းကြုတ်မှုများကို ထည့်သွင်းဖော်ပြခြင်းသည့် မပြုသည့် အပြင် အရပ်သား ဝန်ထမ်းများကို ပစ်မှတ်ထားရန် အကြမ်းဖက်သမားများအား လှုံ့ဆော်နေသည် ကို တွေ့ရသည်မှာ တုန်လှုပ်ဖွယ်ဖြစ်သည်။ မြန်မာလုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ရန် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာစည်းမျဉ်း (ROE) နှင့် ပြည်တွင်း ဥပဒေများနှင့်အညီ လိုအပ်သော တန်ပြန်တုံ့ပြန်မှုများကိုသာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ စနစ်တကျ တုံ့ပြန်ဆောင်ရွက်မှုများကြောင့် ချင်း၊ ကယား၊ ရှမ်းနှင့် ကရင်ပြည်နယ် နေရာအနှံ့အပြား၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တည်ငြိမ် အေးချမ်းမှု ပြန်လည်ရရှိနေပြီဖြစ်သည်။

EMBASSY OF MYANMAR, TOKYO

မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂအေဂျင်စီများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့ အစည်းများ (INGOs) အား လုံခြုံရေးအခြေအနေအပေါ်မူတည်၍ လူသားချင်းစာနာမှု လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် သွားလာခွင့်ပြုပေးလျက်ရှိသည်။ ပြည်တွင်း၌ ကုလသမဂ္ဂအေဂျင်စီ (၁၆) ခု ရုံးစိုက်လျက်ရှိသည့်အပြင် အစိုးရအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလမှ မေလအထိ ကုလသမဂ္ဂ အေဂျင်စီများနှင့် INGO များအား ခရီးသွားလာခွင့် အကြိမ်ရေ (၁၀၀၀) ကျော်နှင့် နိုင်ငံခြားသံရုံးများ အား အကြိမ်ရေ (၂၀၀) ကျော် ခွင့်ပြုပေးခဲ့သည်။

အစီရင်ခံစာပါ စိတ်ကျန်းမာရေးပြဿနာသည် ကိုဗစ်-၁၉ ကပ်ရောဂါနောက်ပိုင်း နိုင်ငံ အများစုတွင် ကြုံတွေ့ရလာသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး၊ WHO ၏ သိပ္ပံနည်းကျဖော်ပြချက် အကျဉ်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် စိုးရိမ်စိတ်များမှုနှင့် စိတ်ကျရောဂါ ၂၅ ရာခိုင်နှုန်းတိုးလာကြောင်း ဖော်ပြထားသည်။ ယင်းကိစ္စကို အထောက်အထား မရှိဘဲ နိုင်ငံရေး ရှုထောင့်အရ လိုသလိုဆွဲယူအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် အခြေအမြစ်မရှိရုံသာမက ပညာရှင်မဆန် သော လုပ်ရပ်ဖြစ်သည်။ မမှန်မကန်နှင့် အထောက်အထားမခိုင်လုံသော ရင်းမြစ်များကို အခြေခံ၍ စိုးရိမ်ဖွယ်အနေအထားကို ပုံဖော်ပြောဆိုနေသည်မှာ ဝမ်းနည်းဖွယ် ဖြစ်သည်။

လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးသည် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သောကြောင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့ အထိ တစ်နိုင်ငံလုံးတွင် တစ်ပြိုင်နက် ကောက်ယူသွားမည်ဖြစ်ပြီး၊ ထိုသို့ သန်းခေါင် စာရင်းကောက်ယူခြင်းသည် မှန်ကန်၍ တိကျသော မဲဆန္ဒရှင်စာရင်းများ ပြုစုရာတွင်လည်း အထောက်အကူပြုမည်ဖြစ်သည်။ သန်းခေါင် စာရင်းရလဒ်အပေါ် အခြေခံ၍ မဲပေးခွင့်ရှိသော မဲဆန္ဒရှင်စာရင်းကို အများပြည်သူသို့ ထုတ်ပြန် ကြေညာမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ရန် မျှော်မှန်း ထားသည်။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရာတွင် အခြေခံမူများဖြစ်သော သမာသမတ်ကျရေး၊ ဘက်မလိုက်ရေး၊ ဓမ္မဓိဋ္ဌာန်ကျရေး၊ ရွေးချယ်ပစ်မှတ်မထားရေး၊ အပြုသဘောဆောင်သည့် နိုင်ငံတကာဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ဆန့်ကျင် သည့် နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်သော ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များကို အစဉ်တစိုက် ဆန့်ကျင်သည်။ မြန်မာ နိုင်ငံ၏ သိမ်မွေ့သော အသွင်ကူးပြောင်းရေးကာလတွင်

EMBASSY OF MYANMAR, TOKYO

နိုင်ငံအပေါ် ပစ်မှတ်ထားကာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်၍ နိုင်ငံရေးဖိအားပေးမှုများနှင့် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီကို အလွဲသုံးစားပြုမှုများသည် အန္တရာယ်ရှိသော အစဉ်အလာကိုဖြစ်စေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် တစ်ဖက်သတ် ဆွေးနွေးပွဲများကျင်းပခြင်းကို ထပ်လောင်းကန့်ကွက်ပြီး၊ အစီရင်ခံစာပါ ကောက်ချက်နှင့် အကြံပြုချက်များသာမက “မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ (A/HRC/57/56)” ခေါင်းစဉ်ပါ အစီရင်ခံစာတစ်ခုလုံးကို ပယ်ချသည်။

အဆိုပါအစီရင်ခံစာအပေါ် အသေးစိတ် လေ့လာသုံးသပ်ချက်များနှင့်ပတ်သက်၍ အကောင်းဆုံးအရင်းအမြစ်အား မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ တရားဝင်အင်တာနက်စာမျက်နှာ တွင် ရယူနိုင်သည်။

## အမှာစာများ တိုးမြှင့်မှာယူလာခြင်းကြောင့် အထည်ချုပ်စက်ရုံများအနေဖြင့် ဝန်ထမ်းများတိုးမြှင့်ခန့်ထားနိုင်ရေး ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တိုးမြှင့်ဖွင့်လှစ်ပေးရန် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများအနေဖြင့် ပြည်ပနိုင်ငံများမှ အမှာစာများ ပိုမိုရရှိလျက် ရှိ သည့်အတွက် ဝန်ထမ်းများ တိုးမြှင့်ခန့်ထားနိုင်ရေးအတွက် လိုအပ်သည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်အရ သိရှိရကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများအနေဖြင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားမှ အမှာစာများ လက်ခံရရှိလျက်ရှိကြောင်း၊ ထို့ကြောင့် လာမည့် သက်တမ်းကာလအထိ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်မည် ဖြစ်ကြောင်း၊ အမှာစာ တိုးမြှင့်ရရှိလာမှုကြောင့် လုပ်သားပြတ်လပ်မှုများ ကြုံတွေ့နေရသည့်အတွက် အထည်ချုပ် စက်ရုံများအနေဖြင့် ဝန်ထမ်းအသစ်များ တိုးမြှင့်ခန့်ထားရန်အတွက် သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းများ၏ စီးပွားရေးလည်ပတ်မှု အခြေအနေမှာ ကောင်းမွန်လျက် ရှိသော်လည်း လုပ်သားပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အထည်ချုပ်

EMBASSY OF MYANMAR TOKYO

စက်ရုံတိုင်းတွင် အမှာစာများ တိုးမြှင့်ရရှိလျက် ရှိသည့်အတွက် လုပ်သားလိုအပ်ချက်များ အလွန်မြင့်မားလျက်ရှိကြောင်း၊ အလုပ်ခန့်ထားရန်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ ရရှိစေရေးအတွက် စက်ရုံများအနေဖြင့် ဝန်ထမ်းအသစ် ၅၀ ဦး (သို့မဟုတ်) ၁၀၀ ဦးအား လုပ်ငန်းပေါ်မူတည်၍ သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများ ခန့်ထားရာတွင် ကျား-မတန်းတူ အခွင့်အရေးပေးလျက်ရှိပြီး၊ လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်၍ လစာများ လည်းပေးအပ်လျက်ရှိကြောင်း၊ လုပ်ခလစာများပြားသည့် စက်ရုံများသို့ ပြောင်းလဲလုပ်ကိုင် လိုသော ဝန်ထမ်းများလည်း ရှိကြောင်း ဖော်ပြထားပါသည်။

အထည်ချုပ်လုပ်သားများအနေဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှုပေါ်မူတည်၍ စံသတ်မှတ် ထားသည့် လစာနှုန်းထားများကို ရရှိလျက် ရှိကြောင်း၊ ထို့ကြောင့် အလုပ်ကြိုးစားသူများအတွက် ပိုမိုအဆင်ပြေစေလျက် ရှိကြောင်း၊ အထည်ချုပ်စက်ရုံများတွင် လစာပေးသည့် စနစ်ကို ကျင့်သုံးကြ ခြင်း မရှိတော့ကြောင်း၊ သတ်မှတ်ချက်များနှင့်အညီ အထည်ချုပ်လုပ်ပြီးစီးမှု အရေအတွက်ပေါ် မူတည်၍ လစာပေးလျက်ရှိကြောင်း၊ အလုပ်ကြိုးစားသူများအနေဖြင့် လစာအများအပြားရရှိလျက် ရှိသည့်အတွက် ဝန်ထမ်းများအတွက် ပိုမိုအဆင်ပြေလျက် ရှိကြောင်း ဖော်ပြထားပါသည်။

Source: The Global New Light of Myanmar (10-9-2024)



# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၅ လတာ ကာလအတွင်း စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားလျက်ရှိ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ ၅ လတာ ကာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၇.၇ ဘီလီယံကျော်ကို စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံဖြစ်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရှိရပါသည်။

စင်ကာပူနိုင်ငံမှ အများဆုံး ရင်းနှီးမြှုပ်နှံခဲ့သည့် ကဏ္ဍများမှာ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စက်မှုကဏ္ဍတို့ဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၄ သန်းကျော်ဖြင့် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ တရုတ်နိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခုမှ အမေရိကန်ဒေါ်လာ ၃၅ သန်းဖြင့် မြန်မာနိုင်ငံတွင် တတိယအများဆုံး ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ အလားတူ အင်ဒိုနီးရှားမှ ကုမ္ပဏီ ၃ ခု၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)နှင့် ဟောင်ကောင်တို့မှ ကုမ္ပဏီ ၂ ခုစီတို့မှလည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပါသည်။

တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဗြိတိန်နိုင်ငံတို့မှ ကုမ္ပဏီများမှလည်း မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ ၅ လတာ ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခြင်းအပါအဝင် အမေရိကန်ဒေါ်လာ ၂၀၇.၆ သန်းတန်ဖိုးရှိ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၆ ခုကို ခွင့်ပြုပေးခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ ၅ လတာ ကာလအတွင်း ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံခဲ့မှုအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈၂.၆၆ သန်း၊ စက်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၇၅.၆ သန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၄၄ သန်း၊ လျှပ်စစ်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃.၇ သန်းနှင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁ သန်းအောက် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO

စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ အမေရိကန်ဒေါ်လာ ၃၄၅ သန်းကို လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ အမေရိကန်ဒေါ်လာ ၁.၁၅၈ ဘီလီယံကို လည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လအထိ) ၌ အမေရိကန်ဒေါ်လာ ၂၉၇ သန်းကိုလည်းကောင်း ရင်းနှီးမြှုပ်နှံခဲ့ပြီး အများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်ခဲ့ပါသည်။ ထို့ပြင် စင်ကာပူနိုင်ငံအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံပြီးပါက ဒုတိယ အများဆုံး ရင်းနှီးမြှုပ်နှံသူလည်း ဖြစ်ပါသည်။

**Source : The Global New Light of Myanmar (18-9-2024)**




EMBASSY OF MYANMAR TOKYO